**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**(ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်(Village Mini Pump Station) လိုင်စင်ဆိုင်ရာအမိန့်)**

**အမိန့်အမှတ်၊ ၃၂၇/ ၂၀၂၀**

**၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်)**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ကျေးလက်ဒေသအသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လက်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုအဆင့်အတန်းပိုမိုမြင့်မားစေရေးနှင့် ဝင်ငွေတိုးတက်စေရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ အထောက် အကူပြုနိုင်ရန်ရည်ရွယ်၍ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၅၄ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချခွင့်လိုင်စင် စိစစ်ခွင့်ပြုထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျဆောင်ရွက်နိုင်ရန် အလို့ငှာ ဤအမိန့်ကိုထုတ်ပြန်လိုက်သည်-

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့် အခြေခံရမည့်အချက်များ**

၁။ ဤအမိန့်ကို **"ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင် (Village Mini Pump Station) လိုင်စင်ဆိုင်ရာ အမိန့်"** ဟုခေါ်တွင်စေရမည်။

၂။ ဤအမိန့်သည် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေး၏စီမံခန့်ခွဲမှုဧရိယာပြင်ပတွင် ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ခြင်းနှင့် သက်ဆိုင်စေရမည်။

၃။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချခွင့်နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနအနေဖြင့် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင်ကို စိစစ်ခွင့်ပြုထုတ်ပေးရမည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ကျေးရွာ၏အရွယ်အစားနှင့် လမ်းပန်းဆက်သွယ်ရေးဒေသအခြေအနေအပေါ် မူတည်၍ ကျေးရွာတစ်ရွာလျှင် ခွင့်ပြုသင့်သည့် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်အရေအတွက်ကို လိုအပ်သလိုသတ်မှတ်နိုင်သည်။

၅။ သက်ဆိုင်ရာကျေးရွာတွင် အခြေချနေထိုင်သူကိုဦးစားပေးခွင့်ပြုရမည်။

၆။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်များသည် အောက်ဖော်ပြပါအခြေခံအချက်များနှင့်ကိုက်ညီ ရမည်-

(က) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၏ မြေဧရိယာအကျယ်အဝန်းသည် အနည်းဆုံး စတုရန်းပေ ၂,၀၀၀ နှင့် မျက်နှာစာဖွင့်အကျယ် အနည်းဆုံး ပေ ၄၀ ရှိရမည်။

(ခ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ဧရိယာနယ်နိမိတ်ကို အလွယ်တကူမီးမလောင်နိုင်သည့်ပစ္စည်း များအသုံးပြု၍ ခြံစည်းရိုးကာရံထားရှိရမည်။ ဆိုင်မျက်နှာစာကို ချန်လှပ်ထားနိုင်သည်။

Myanmar Law Information System (MLIS)

(ဂ) ဘက်ထရီပန့် (D.C Electric Pump) များဖြင့် ဖြန့်ဖြူးရောင်းချခြင်း လုံး၀(လုံး၀) မပြုရ။

(ဃ) လျှပ်စစ်မီးမရပါက စက်သုံးဆီများအား မီးဘေးအန္တရာယ်လုံခြုံစိတ်ချရပြီး အခိုင်အမာ တည်ဆောက်ထားသည့် ဂိုဒေါင်အတွင်း ပီပါဖြင့်စနစ်တကျသိုလှောင်၍ လက်ရိုက်ပန့် (Hand Pump) သို့မဟုတ် ခြင်ခွက်ဖြင့် ဖြန့်ဖြူးရောင်းချရမည်။

(င) လျှပ်စစ်မီးရရှိပါက လျှပ်စစ်ပန့် (A.C Electric Pump) ဖြင့်သာ ဖြန့်ဖြူးရောင်းချရမည်ဖြစ်ပြီး ဓာတ်ဆီကို မြေအောက်သိုလှောင်ကန်ဖြင့်လည်းကောင်း၊ ဒီဇယ်ဆီကို မြေပေါ် သို့မဟုတ် မြေအောက် သိုလှောင်ကန်ဖြင့်လည်းကောင်း သိုလှောင်ရမည်။

(စ) လျှပ်စစ်ပန့် (A.C Electric Pump) ဖြင့် ဖြန့်ဖြူးရောင်းချပါက ဒီဇယ်ပန့်တစ်လုံးနှင့် ဓာတ်ဆီပန့် တစ်လုံးသာ အသုံးပြုရမည်။

(ဆ) အရောင်းဆိုင်ခြံစည်းရိုးသည် မြေအောက်သိုလှောင်ကန်နှင့် အနည်းဆုံး ၅ ပေ၊ မြေပေါ်သိုလှောင် ကန်နှင့် အနည်းဆုံး ၁၀ ပေ ကွာဝေးရမည်။

(ဇ) ဂိုဒေါင်၏အကျယ်အ၀န်းသည် အနည်းဆုံးစတုရန်းပေ ၂၀၀ ရှိရမည်ဖြစ်ပြီး အရောင်းဆိုင် ခြံစည်းရိုးမှ အနည်းဆုံး ၁၅ ပေ ကွာဝေးရမည်။

(ဈ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်တွင် စက်သုံးဆီပမာဏ ဂါလန် ၁,၀၀၀ ထက်ပို၍ သိုလှောင်ခြင်းမပြုရ။

(ည) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက စိစစ်အတည်ပြုပေးထားသည့် သတ်မှတ်ပုံစံအတိုင်းသာ တည်ဆောက်ရမည်။ ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်ခြင်းမပြုရ။

(ဋ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၏ သိုလှောင်ကန်၊ ဂိုဒေါင်များနှင့် အခြား အရောင်းဆိုင်တစ်ဆိုင်၏ သိုလှောင်ကန်၊ ဂိုဒေါင်များ၏ ကြားအကွာအဝေးသည် အနည်းဆုံး ပေ ၁၀၀ ရှိရမည်။

(ဌ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်သည့်နေရာသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် (အရောင်းဆိုင်) ကိုရယူ၍ ဖွင့်လှစ်ဖြန့်ဖြူးရောင်းချသည့် စက်သုံးဆီအရောင်းဆိုင်ကြီးများနှင့် အနည်းဆုံးတစ်မိုင်ကွာဝေးရမည်။ (ဝေးလံခေါင်သီ၍လမ်းပန်း ဆက်သွယ်ရေးခက်ခဲသော တောင်ပေါ်ဒေသများအတွက် လျှော့ပေါ့စဉ်းစားနိုင်သည်။)

(ဍ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်များအား ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ကင်းလွတ်သည့်နေရာများတွင်သာ ဖွင့်လှစ်ရမည်။ မြို့နှစ်မြို့အကြားဖောက်လုပ်ထားသည့် မော်တော်ကားလမ်းမများ၏ ဘေးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွင့်လှစ်ခွင့်ပြုရန်မသင့်ဟု သတ်မှတ်ထားသည့်နေရာများ၊ အမြန်လမ်းမကြီးနှင့် ပြည်ထောင်စုလမ်းမကြီး များ၏ဘေးတွင် ဖွင့်လှစ်ခြင်းမပြုရ။

(ဎ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်တည်ဆောက်မည့်နေရာသည် အောက်ဖော်ပြပါ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများနှင့် အနည်းဆုံးရှိသင့်သော အကွာအဝေးသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်-

Myanmar Law Information System (MLIS)

| စဉ် | ပို့လွှတ်ဖိအား (Psi) | ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအရွယ်အစား | အနည်းဆုံးသတ်မှတ် အကွာအဝေး |
|---|---|---|---|
| ၁ | ၁၂၈၀ | ၄၀ လက်မ | ၁၀၀၀ ပေ |
| ၂ | ၁၂၈၀ | ၃၆ လက်မ | ၉၀၀ ပေ |
| ၃ | ၁၂၈၀ | ၃၂ လက်မ | ၈၀၀ ပေ |
| ၄ | ၁၂၈၀ | ၃၀ လက်မ | ၇၃၀ ပေ |
| ၅ | ၁၂၈၀ | ၂၈ လက်မ | ၇၀၀ ပေ |
| ၆ | ၁၀၅၀ | ၂၄ လက်မ | ၅၅၀ ပေ |
| ၇ | ၈၀၀ | ၂၀ လက်မ | ၄၀၀ ပေ |
| ၈ | ၈၀၀ | ၁၈ လက်မ | ၃၆၀ ပေ |
| ၉ | ၆၀၀ | ၁၆ လက်မ | ၂၈၀ ပေ |
| ၁၀ | ၃၉၀ | ၁၄ လက်မမှ ၁၀ လက်မ | ၂၀၀ ပေ |
| ၁၁ | ၃၅၀-၃၀၀ | ၈ လက်မ မှ ၄ လက်မ | ၁၅၀ ပေ |

**အခန်း (၂)**

**လိုင်စင်ဆိုင်ရာဆောင်ရွက်ရမည့်ကိစ္စရပ်များ**

**လိုင်စင်အဆိုပြုလျှောက်ထားခြင်း**

၇။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင် တည်ဆောက်ဖွင့်လှစ်လိုသူသည် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင် တည်ဆောက်ခွင့်ပြုရန်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းအထောက် အထားများပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများမှတစ်ဆင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားရမည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊

(ခ) လျှောက်ထားသူ၏ (၂ × ၁.၅) လက်မဓာတ်ပုံ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) အရောင်းဆိုင်အမည်၊

(ဃ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်၊

(င) မြေပိုင်ဆိုင်ကြောင်းအထောက်အထား သို့မဟုတ် မြေသုံးစွဲနိုင်ကြောင်းအထောက်အထား၊

(စ) တည်ဆောက်မည့်မြေနေရာအထောက်အထား မြေစာရင်းပုံစံ (၁၀၅) နှင့် (၁၀၆) မိတ္တူနှင့် အတိုင်းအတာအကျယ်အဝန်း၊

Myanmar Law Information System (MLIS)

(ဆ) သိုလှောင်ဖြန့်ဖြူးရောင်းချမည့် စက်သုံးဆီအမျိုးအစားများ၊ သိုလှောင်ကန်အရေအတွက်နှင့် ဝင်ဆံ့ဂါလန်ပမာဏ သို့မဟုတ် ဂိုဒေါင်၏သိုလှောင်နိုင်သည့် ဂါလန်ပမာဏ၊

(ဇ) တည်ဆောက်မည့်အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing)၊

(ဈ) အဆိုပြုလျှောက်ထားစဉ်ကာလအတွင်း အပိုဒ် ၇(ဇ)ပါအချက်များကို ဌာနကအတည်မပြုသေးမီကြိုတင်တည်ဆောက်မှုမပြုကြောင်း ကတိဝန်ခံချက်။

၈။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင် တည်ဆောက်ခွင့်ပြုရန်လျှောက်ထားမှုကိုစိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ အကယ်၍လျှောက်ထားမှုကို ငြင်းပယ်ခဲ့လျှင် မည်သည့်အကြောင်းကြောင့်ငြင်းပယ်ကြောင်း လျှောက်ထားသူထံအကြောင်းကြား မည်။

၉။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင် တည်ဆောက်ခွင့်ပြုရန်လျှောက်ထားချက်အပေါ်စစ်ဆေးစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း စိစစ်တွေ့ရှိပါကသက်ဆိုင်ရာတည်ဆောက်ခွင့်ပြုမိန့်များရယူ၍ အတည်ပြုထားသည့် ပုံစံအတိုင်း တည်ဆောက်မည်ဆိုပါလျှင် တည်ဆောက်မည့်အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing) အား အတည်ပြုကြောင်း လျှောက်ထားသူထံ အကြောင်းကြားမည်။

**လိုင်စင်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်း**

၁၀။ အပိုဒ် ၉ ပါ အကြောင်းကြားချက်ကို လက်ခံရရှိသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှတစ်ဆင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထားရမည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်၊

(ခ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အတည်ပြုထားသော ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်၏အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing) မူရင်းနှင့် မိတ္တူ၊

(ဂ) သိုလှောင်ခွင့်လိုင်စင်မူရင်းနှင့် မိတ္တူ၊

(ဃ) တည်ဆောက်ပြီးစီးသည့် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်အား ရှေ့၊ နောက်၊ ဝဲ၊ ယာ ရိုက်ကူးထားသည့် (၄×၆) လက်မအရွယ်ရှိ ရောင်စုံဓာတ်ပုံ (၄) ပုံနှင့် သိုလှောင်ကန် သို့မဟုတ် ဂိုဒေါင်အားထင်ရှားပြတ်သားစွာ ရိုက်ကူးထားသည့် (၄×၆)လက်မအရွယ်ရှိ ရောင်စုံဓာတ်ပုံ (၁) ပုံ။

၁၁။ တည်ဆောက်ပြီးစီးသည့် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိက ကွင်းဆင်းစစ်ဆေးရမည်။ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ပြုပြင်ဆောင်ရွက်စေပြီး ထပ်မံကွင်းဆင်းစစ်ဆေးရမည်။

Myanmar Law Information System (MLIS)

၁၂။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိက ကွင်းဆင်း စစ်ဆေးပြီး လိုင်စင်ထုတ်ပေးသင့်ကြောင်း ထောက်ခံတင်ပြလျှင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင် ကော်မတီအစည်းအဝေးသို့ တင်ပြမည်။

၁၃။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးက လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ပါက သက်တမ်းတစ်နှစ်ရှိ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိက ထုတ်ပေးရမည်။

၁၄။ လိုင်စင်ရရှိသူသည် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကျသင့်သော အခကြေးငွေများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ် စစ်ဆေးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

၁၅။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင်၏ သက်တမ်းမှာ လိုင်စင်ခွင့်ပြုသည့်နေ့မှစတင်၍ တစ်နှစ်တိတိဖြစ်သည်။

**လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း**

၁၆။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီနှစ်လအတွင်း လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးသို့ လျှောက်ထားရမည်-

(က) လိုင်စင်ရရှိသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ၊

(ခ) အရောင်းဆိုင်လိုင်စင်မူရင်းနှင့် မိတ္တူ၊

(ဂ) သက်တမ်းတိုးပြီးသည့် သိုလှောင်ခွင့်လိုင်စင်မူရင်းနှင့် မိတ္တူ။

၁၇။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးက ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်အား ကွင်းဆင်းစစ်ဆေးစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း ထောက်ခံတင်ပြလျှင် လိုင်စင်သက်တမ်းတစ်နှစ်တိုးမြှင့်ပေးမည်။

**ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်ခြင်း**

၁၈။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ကို ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်ခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးအရာရှိရုံးမှတစ်ဆင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနသို့ လျှောက်ထားရမည်-

(က) ကျေးရွားသုံးစက်သုံးဆီအရောင်းဆိုင် လိုင်စင်မူရင်းနှင့် မိတ္တူ၊

(ခ) သက်တမ်းတိုးပြီးသည့် သိုလှောင်ခွင့် လိုင်စင်မူရင်းနှင့် မိတ္တူ၊

(ဂ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အတည်ပြုထားသောအရောင်းဆိုင်၏ အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing) မူရင်းနှင့် မိတ္တူ၊

Myanmar Law Information System (MLIS)

(ဃ) ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်လိုသည့်အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ် ဒီဇိုင်းပုံစံ (Design & Detail Drawing)၊

(င) မြေဧရိယာတိုးချဲ့တည်ဆောက်ခြင်းအတွက် မြေပိုင်ဆိုင်ကြောင်းအထောက်အထား သို့မဟုတ် မြေသုံးစွဲနိုင်ကြောင်းအထောက်အထား။

၁၉။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ကို ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်လိုပါက-

(က) ခွင့်ပြုချက်ရရှိရန် အပိုဒ် ၁၈ နှင့်အညီ ကြိုတင်လျှောက်ထားရမည်၊

(ခ) ခွင့်ပြုချက်ကြိုတင်လျှောက်ထားခြင်းမပြုဘဲ လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ၊

(ဂ) ခွင့်ပြုချက်ကြိုတင်လျှောက်ထားစဉ် ခွင့်ပြုချက်မရသေးမီ လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ။

**ပိုင်ရှင်အမည်ပြောင်းလဲခြင်း**

၂၀။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်အမည်ပြောင်းလဲ ခွင့်ပြုရန်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှတစ်ဆင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထားရမည်-

(က) ပိုင်ရှင်အမည်ပြောင်းလဲလိုသူ၏ (၂×၁.၅) လက်မဓာတ်ပုံ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား မိတ္တူ၊

(ခ) ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းနံပါတ်၊

(ဂ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင်မူရင်းနှင့်မိတ္တူ၊

(ဃ) ပိုင်ရှင်အမည်ပြောင်းလဲလိုသူအမည်ဖြင့် ခွင့်ပြုထုတ်ပေးသော သိုလှောင်ခွင့်လိုင်စင် မူရင်းနှင့် မိတ္တူ၊

(င) ပိုင်ရှင်အမည်ပြောင်းလဲခြင်းအပေါ် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(စ) မူလပိုင်ရှင်နှင့် ပိုင်ရှင်အမည်ပြောင်းလဲလိုသူတို့၏ နှစ်ဦးသဘောတူစာချုပ်စာတမ်း အထောက် အထားမူရင်းနှင့် မိတ္တူ။

၂၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင် ပိုင်ရှင်အမည် ပြောင်းလဲလျှောက်ထားမှုအားစိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိပါက ကျေးရွာသုံး စက်သုံးဆီ အရောင်းဆိုင်ပိုင်ရှင် အမည်ပြောင်းလဲခွင့်ပြုရမည်။

**ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားခြင်း**

၂၂။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင် ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန် ထုတ်ယူခွင့် ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးသို့ လျှောက်ထားရမည်-

(က) ပျက်စီး သို့မဟုတ် ပျောက်ဆုံးကြောင်း ပိုင်ရှင်၏ကတိဝန်ခံချက်၊

Myanmar Law Information System (MLIS)

(ခ) ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည့်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ထောက်ခံချက်၊

(ဂ) ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည့်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်။

၂၃။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးသည်ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားလာမှုအားစိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှု ရှိပါက မိတ္တူမှန်ထုတ်ပေးမည်။

## အခန်း (၃)

## လိုင်စင်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

၂၄။ လိုင်စင်ရရှိသူသည် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင် (နောက်ဆက်တွဲ (က)) ပါ စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက လိုင်စင်ကို ရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း စသည့်ပြစ်ဒဏ်များကို ခံရမည်။

၂၅။ လိုင်စင်ရရှိသူသည် လိုင်စင်ရပြီး နှစ်လအတွင်း အရောင်းဆိုင်ဝန်ထမ်းများအား မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သည့် အခြေခံမီးသတ်သင်တန်းနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှဖွင့်လှစ် သည့်စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းခြင်းအခြေခံသင်တန်းများသို့ မဖြစ်မနေတက်ရောက်စေရမည်။

၂၆။ မီးသတ်ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၇။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်တွင် ၂၄ နာရီအချိန်ပြည့် အနည်းဆုံးဝန်ထမ်းတစ်ဦးအား တာဝန်ပေးအပ်ထားရမည်။

၂၈။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ဝင်းအတွင်း ကုန်စုံဆိုင်များဖွင့်လှစ်ခြင်း၊ လူနေအဆောက်အအုံ များတည်ဆောက်၍ လူနေထိုင်ခြင်း၊ ချက်ပြုတ်ခြင်း၊ အခြားလုပ်ငန်းများလုပ်ကိုင်ခြင်းနှင့် ကုန်ပစ္စည်း များ ရောင်းဝယ်သိုလှောင်ခြင်းမပြုရ။ စက်ဆီ၊ ချောဆီနှင့် ခွင့်ပြုထားသည့် စက်သုံးဆီအမျိုးအစား များမှအပ အခြားကုန်ပစ္စည်းများရောင်းချခြင်း လုံးဝမပြုရ။

၂၉။ စက်သုံးဆီများကိုတရားမဝင်ဝယ်ယူ၍ တစ်ဆင့်ပြန်လည်ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

၃၀။ ခွင့်ပြုထားသည့် ကျေးရွာသုံးဆီအရောင်းဆိုင်နေရာတွင်သာ ရောင်းချမည်ဖြစ်ပြီး မည်သည့် ယာဉ်တစ်မျိုးမျိုးနှင့်မျှ လှည့်လည်ရောင်းချခြင်း မပြုရ။

၃၁။ ခွင့်ပြုထားသည့် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်အမည်ကို ပြင်ဆင်ပြောင်းလဲခြင်းမပြုရ။

## အခန်း (၄)

## ကြီးကြပ်ဆောင်ရွက်ခြင်း

၃၂။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီသည် ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သလိုကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းပြုရမည်။

၃၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်း ကြီးကြပ်ရေးဆပ်ကော်မတီသည် သက်ဆိုင်ရာဒေသအတွင်းရှိ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်များ

Myanmar Law Information System (MLIS)

နှင့်စပ်လျဉ်း၍ လိုအပ်သလိုစစ်ဆေးကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေ များကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ အခါအား လျော်စွာ အစီရင်ခံတင်ပြရမည်။

## အခန်း (၅)

## အထွေထွေ

၃၄။ ဤအမိန့်ပါ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုင်စင်လျှောက်ထားရယူရာတွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၃၅။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင်ရရှိသူ မည်သူမဆို ဤအမိန့်ပါ လိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင်ဖြစ်စေ၊ ဖောက်ဖျက်လျှင်ဖြစ်စေ ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

၃၆။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ဤအမိန့်ကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် လိုအပ်သလိုပူးပေါင်း ဆောင်ရွက်နိုင်သည်။

၃၇။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင်ဆိုင်ရာအမိန့်အမှတ် (၅၂၁/၂၀၁၉) ကို ဤအမိန့်ဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

ဝင်းခိုင်
ပြည်ထောင်စုဝန်ကြီး

Myanmar Law Information System (MLIS)